# ရောင်းဝယ်မှုဆိုင်ရာလုပ်ငန်းစည်းမျဉ်းများအတွက်လိုက်နာရန်စည်းမျဉ်းများ

## အခန်း(၁) ရည်ရွယ်ချက်

အိပ်ချိန်း၏ ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများ (နောင်တွင် "လုပ်ငန်းစည်းမျဉ်းများ" ဟုသုံးမည်) အရ စတော့များ ရောင်းဝယ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ဤစည်းကမ်းသတ်မှတ်ချက်များကို ထုတ်ပြန်လိုက်သည်။

## အခန်း(၂)ရှယ်ယာအရေအတွက်အမြောက်အများရောင်းဝယ်သည့်စနစ်တွင်ဈေးနှုန်းကန့်သတ်ချက်ဘောင်များ သတ်မှတ်ခြင်း

၁။ အိပ်ချိန်း၏လုပ်ငန်းစည်းမျဉ်းများ အခန်း(၈)၊ အပိုဒ်(၄)အရ အိပ်ချိန်းမှ အမြင့်ဆုံးဈေးနှုန်းနှင့် အနိမ့်ဆုံးဈေးနှုန်း သတ်မှတ်ခြင်းကို အောက်တွင် ဖော်ပြထားသည့်အတိုင်း တွက်ချက်သတ်မှတ်ရမည်။

(၁) အမြင့်ဆုံးဈေးနှုန်းကို နောက်ဆုံးအရောင်းအဝယ်ဖြစ်မြောက်သည့်ဈေးနှုန်းတွင် အောက်ဖော်ပြပါငွေပမာဏတို့ ပေါင်းထည့်ခြင်းမှကြီးသည့်ဂဏန်းကိုသတ်မှတ်ရမည်။

(က) ၁၀-ကျပ် (တစ်ဆယ်ကျပ်) -သို့မဟုတ်-

(ခ)နောက်ဆုံးအရောင်းအဝယ်ဖြစ်မြောက်သည့်ဈေးနှုန်း၏ တစ်ရာပုံငါးပုံ (ပြားစွန်းများကို ကျပ်ဂဏန်းအပြည့်ယူရမည်။)

(၂)အနိမ့်ဆုံးဈေးနှုန်းကို နောက်ဆုံးအရောင်းအဝယ်ဖြစ်မြောက်သည့် ဈေးနှုန်းမှ ရှေ့ပိုဒ်(က)နှင့်(ခ)ရှိ ငွေပမာဏတို့ကိုနှုတ်ယူ၍ကြီးသည့်ဂဏန်းကိုသတ်မှတ်ရမည်။ ထို့သို့နှုတ်ယူ၍ရရှိလာသည့် ဈေးနှုန်းတွင် ပြားစွန်းပါရှိပါက ၎င်းကို (၁)ကျပ်ဟု သတ်မှတ်ရမည်။

## အခန်း(၃) အခြေခံဈေးနှုန်းသတ်မှတ်ခြင်း

၁။ အိပ်ချိန်း၏လုပ်ငန်းစည်းမျဉ်းများအခန်း(၁၀)အပိုဒ်(၂)အရ အခြေခံဈေးနှုန်း(နောင်တွင်အခြေခံဈေးနှုန်း ဟုသုံးမည်) ကို အောက်ပါအတိုင်းသတ်မှတ်မည်။

(၁)အမှာလွှာဈေးပြိုင်စနစ်တွင် ပြီးခဲ့သောယမန်နေ့၊အရောင်းအဝယ်ပြုသည့်နေ့(အကယ်၍ ရုံးပိတ်ရက်တွင် ကျရောက်ပါက ရှေ့သို့ အလိုအလျောက်ရွှေ့သွားမည်ဖြစ်ပြီး နောင်တွင် ဤကဲ့သို့မှတ်ယူမည်) တွင် စတော့တစ်ခု၏နောက်ဆုံး အချိန်အရောင်းအဝယ်ဖြစ်မြောက်သည့်ဈေးနှုန်း (သို့မဟုတ်)

(၂) နောက်ဆုံးအရောင်းအဝယ်ပြုသည့်နေ့တွင် အရောင်းအဝယ်ဖြစ်မြောက်သည့် ဈေးနှုန်းမရှိပါက ၎င်းရက်၏ ရှေ့တစ်ရက်ရှိ အရောင်းအဝယ်ဖြစ်မြောက်ခဲ့သည့် ဈေးနှုန်းကို အခြေခံဈေးနှုန်း အဖြစ်သတ်မှတ်ရမည်။

## အခန်း(၄) အမှာလွှာဈေးပြိုင်စနစ်တွင် ဈေးနှုန်းကန့်သတ်ချက်ဘောင်များသတ်မှတ်ခြင်း

အိပ်ချိန်း၏လုပ်ငန်းစည်းမျဉ်းများ အခန်း (၁၀) အပိုဒ်(၂)အရ ဈေးနှုန်းကန့်သတ်ချက်ဘောင်များ သတ်မှတ်ရာတွင် အောက်ပါဇယားရှိအခြေခံဈေးနှုန်းအမျိုးမျိုး အပေါ်တွင် အခြေခံ၍ သတ်မှတ်မည်။

(ကျပ်)

| အခြေခံဈေးနှုန်း | | ဈေးနှုန်းကန့်သတ်ချက်ဘောင် အမြင့်ဆုံး(+)/အနိမ့်ဆုံး(-) |
|---|---|---|
| မှ | အောက် | |
| | ၁,၀၀၀ | ၁၀၀ |
| ၁,၀၀၀ | ၂,၀၀၀ | ၂၅၀ |
| ၂,၀၀၀ | ၄,၀၀၀ | ၅၀၀ |
| ၄,၀၀၀ | ၁၀,၀၀၀ | ၁,၀၀၀ |
| ၁၀,၀၀၀ | ၂၀,၀၀၀ | ၂,၅၀၀ |
| ၂၀,၀၀၀ | ၄၀,၀၀၀ | ၅,၀၀၀ |
| ၄၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀,၀၀၀ |
| ၁၀၀,၀၀၀ | ၂၀၀,၀၀၀ | ၂၅,၀၀၀ |
| ၂၀၀,၀၀၀ | ၄၀၀,၀၀၀ | ၅၀,၀၀၀ |
| ၄၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | ၁၀၀,၀၀၀ |
| ၁,၀၀၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၂၅၀,၀၀၀ |
| ၂,၀၀၀,၀၀၀ | ၄,၀၀၀,၀၀၀ | ၅၀၀,၀၀၀ |
| ၄,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ | ၁,၀၀၀,၀၀၀ |
| ၁၀,၀၀၀,၀၀၀ | ၂၀,၀၀၀,၀၀၀ | ၂,၅၀၀,၀၀၀ |
| ၂၀,၀၀၀,၀၀၀ | ၄၀,၀၀၀,၀၀၀ | ၅,၀၀၀,၀၀၀ |
| ၄၀,၀၀၀,၀၀၀ | | ၁၀,၀၀၀,၀၀၀ |

အခန်း(၅) ရှယ်ယာအရေအတွက်အပြောက်အများ ရောင်းဝယ်သည့်စနစ်တွင်အနည်းဆုံးအော်ဒါ အရေအတွက် သတ်မှတ်ခြင်း

အိပ်ချိန်း၏လုပ်ငန်းစည်းမျဥ်းများ၊အခန်း(၁၂)၊အပိုဒ်(၂)အရ ရှယ်ယာအရေအတွက်အပြောက်အများရောင်းဝယ်သည့်စနစ်အတွက် အနည်းဆုံးမှာယူရမည့် အော်ဒါအရေအတွက်ကို ရှယ်ယာစောင်ရေ (၁၀,၀၀၀) ဟု သတ်မှတ်သည်။

အခန်း(၆) အမှာလွှာဈေးပြိုင်စနစ်တွင်တစ်ချက်ခုန်ဈေးနှုန်းသတ်မှတ်ခြင်း

၆။ အိပ်ချိန်း၏ လုပ်ငန်းစည်းမျဉ်းများ အခန်း(၁၃)၊ အပိုဒ်(၁)အရ အမှာလွှာဈေးပြိုင်စနစ်အတွက် တစ်ချက်ခုန် ဈေးနှုန်းကို အောက်ဖော်ပြပါ ဇယားရှိ အော်ဒါဈေးနှုန်းအမျိုးမျိုးအပေါ်တွင် အခြေခံ၍သတ်မှတ်မည်။

(ကျပ်)

| အော်ဒါဈေးနှုန်း | | တစ်ချက်ခုန်ဈေးနှုန်း |
|---|---|---|
| အထက် | အထိ | |
| | ၁,၀၀၀ | ၁၀ |
| ၁,၀၀၀ | ၄,၀၀၀ | ၅၀ |
| ၄,၀၀၀ | ၁၀,၀၀၀ | ၁၀၀ |
| ၁၀,၀၀၀ | ၄၀,၀၀၀ | ၅၀၀ |
| ၄၀,၀၀၀ | ၁၀၀,၀၀၀ | ၁,၀၀၀ |
| ၁၀၀,၀၀၀ | ၄၀၀,၀၀၀ | ၅,၀၀၀ |
| ၄၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | ၁၀,၀၀၀ |
| ၁,၀၀၀,၀၀၀ | ၄,၀၀၀,၀၀၀ | ၅၀,၀၀၀ |
| ၄,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ | ၁၀၀,၀၀၀ |
| ၁၀,၀၀၀,၀၀၀ | ၄၀,၀၀၀,၀၀၀ | ၅၀၀,၀၀၀ |
| ၄၀,၀၀၀,၀၀၀ | | ၁,၀၀၀,၀၀၀ |

အခန်း(၇) ရှယ်ယာအရေအတွက်အမြောက်အများရောင်းဝယ်သည့်စနစ်တွင်အော်ဒါပေးပို့မှာယူရန်နည်းလမ်း သတ်မှတ်ခြင်း

အိပ်ချိန်း၏လုပ်ငန်းစည်းမျဉ်းများ အခန်း (၁၆)အပိုဒ် (၂)အရ အော်ဒါများကို ဖက် (စ်) ဖြင့် ပေးပို့ရမည်။

အခန်း(၈) ရောင်းဝယ်မှုဆိုင်ရာသတင်းထုတ်ပြန်ရန်နည်းလမ်းသတ်မှတ်ခြင်း

အိပ်ချိန်း၏လုပ်ငန်းစည်းမျဉ်းများ အခန်း(၂၁)အရ ရောင်းဝယ်မှုဆိုင်ရာသတင်းအချက်အလက်များကို အိပ်ချိန်း၏အင်တာနက်စာမျက်နှာပေါ်မှတဆင့်ထုတ်ပြန်ရမည်။

ဖြည့်စွက်ပြဌာန်းချက်

ဤ လိုက်နာရန်စည်းမျဉ်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့ မှစ၍ ကျင့်သုံးဆောင်ရွက်မည်။